# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇–၈–၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးစိုင်းလှသိန်း၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ ထွက်ရှိရန် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွေးကောက်ပွဲကာလ မဟုတ်သည့် အချိန်တွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း)ဟု ရေးသား ကြေညာခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မတ်ပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိစေရန်အတွက် နိုင်ငံတကာတွင် ခိုင်မာသောဈေးကွက်ရရှိအောင် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသော လယ်ယာထွက်ကုန် သီးနှံများကို ဝယ်ယူနေကျ ပြည်ပနိုင်ငံများမှ ဝယ်ယူခြင်းမရှိသည့် အချိန်တွင် ဈေးကွက်မပျက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဈေးကွက်ခိုင်မာရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ပြည်တွင်းလုပ်ငန်းများတွင် နိုင်ငံခြားသားပိုင်ဘဏ်များအား အသုံးပြုခွင့်ကို မည်သို့ခွင့်ပြုထားပြီး ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားမှုမရှိစေရန်နှင့် ပုဂ္ဂလိက ကဏ္ဍတွင် ငွေရေးကြေးရေးအဖွဲ့အစည်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ခွင့်ပြုရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **SME ချေးငွေများကို ယခုကျင့်သုံးနေသော စနစ်ထက် ပိုမိုဖြေလျှော့ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ဗဟိုဘဏ်အနေဖြင့် NPL ကို သတ်မှတ်ရာတွင် ဘဏ်တစ်ခုချင်းစီ၏ သဘောသဘာဝ အပေါ်မူတည်၍ သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ် နောက်ပိုင်း ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆောင်ရွက်ချက် အစီအရင်ခံစာများအား ထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်က တင်သွင်းသည့် **“စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင် ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံး အကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ခ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဃ) ဒုတိယဗိုလ်မှူးကြီးတိုးလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

(ဇ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဈ) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၊

(ည) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဋ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဌ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၊

(ဍ) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၊

(ဎ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။